## (၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အခမ်းအနား ကျင်းပပြုလုပ်ခြင်း

၂၀၂၃ ခုနှစ်၊ (၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အထိမ်းအမှတ်အဖြစ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုထက် က ဦးဆောင်၍ အကောက်ခွန်ဦးစီးဌာနဝန်ထမ်းများဖြင့် ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်းတိုက်၌ သံဃာတော် နှင့် သီလရှင် တို့အား ၂၆-၁-၂၀၂၃ ရက်နေ့၊ နံနက် (၀၅:၃၀) နာရီအချိန်တွင် အရုဏ်ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ပြီး နံနက် (၀၉:၀၀) နာရီအချိန်မှ (၁၀:၀၀)နာရီ အချိန်အထိ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ (၃၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အခမ်းအနားအား ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနအကြီးအကဲများ၊ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/ အမှုထမ်းများ၊ ဆုရရှိသည့် ဝန်ထမ်းများနှင့် ဝန်ထမ်း သား/သမီးများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်း က အဖွင့်အမှာစကားပြောကြားခဲ့ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် တို့က အမှာစကား အသီးသီးပြောကြားခဲ့ပါသည်။

အခမ်းအနား၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့တွင် ပညာသင်ကြားလျက်ရှိသော ဝန်ထမ်းများ၏ သား/သမီးများအား ပညာသင်စရိတ်ထောက်ပံ့ချီးမြှင့်ခြင်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိသော ဝန်ထမ်းများ၏ သား/သမီးများအား ပညာရည်ချွန်ဆုများ ချီးမြှင့်ခြင်း၊ သင်တန်းများ၌ထူးချွန်ဆုရရှိသူများအား သင်တန်းထူးချွန်ဆုများ ချီးမြှင့်ခြင်း၊ ဌာနခွဲအလိုက် ဝန်ထမ်းစွမ်းဆောင်ရည် အကောင်းဆုံး ရွေးချယ်ခံရသူများအား ဝန်ထမ်းကောင်းဆုများ ချီးမြှင့်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းဆုနှင့်ချီးကျူးဂုဏ်ပြုဆုများ ချီးမြှင့်ခြင်း၊ ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အလံကိုင်ဂုဏ်ပြုစစ်ရေးပြတပ်ခွဲနှင့် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသက်(၂၅)နှစ်အောက် အမျိုးသားဘောလုံး(ပြိုင်ပွဲ)တွင် ပထမဆု (တံခွန်စိုက်ဒိုင်း) ရရှိအောင် စွမ်းဆောင်ခဲ့သူများအား ချီးကျူးဂုဏ်ပြုလွှာချီးမြှင့်ခြင်း တို့ကို ပြုလုပ်ခဲ့ရာ ဆုရရှိသူများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဆုများချီးမြှင့်ပေးအပ်ခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အကောက်ခွန်သမိုင်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့ရာ ညွှန်ကြားရေးမှူး ဦးမျိုးသီဟ က အကောက်ခွန်သမိုင်းပြတိုက်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ခဲ့မှုများအား ရှင်းလင်းတင်ပြခဲ့ပြီး အကောက်ခွန်ဦးစီး

ဌာန (ရုံးချုပ်)၊ ရန်ကုန်တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးရှိ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**(၃၂)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အထိမ်းအမှတ်အဖြစ် အရှဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း**





## (၃၂)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အခမ်းအနားကျင်းပခြင်း
## မှတ်တမ်းဓာတ်ပုံများ




အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ က အမှာစကား ပြောကြားစဉ်



ဝန်ထမ်းများမှ အခမ်းအနားတက်ရောက်စဉ်

## (၇၂)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အခမ်းအနားကျင်းပခြင်း
## မှတ်တမ်းဓာတ်ပုံများ




ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း က အဖွင့်အမှာစကား ပြောကြားစဉ်



ဖိတ်ကြားထားသော ဧည့်သည်တော်များမှ အခမ်းအနားတက်ရောက်စဉ်

## (၃၂)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အခမ်းအနားကျင်းပခြင်း မှတ်တမ်းဓာတ်ပုံများ




**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က အမှာစကား ပြောကြားစဉ်**



**ဝန်ထမ်းများမှ အခမ်းအနားတက်ရောက်စဉ်**

## (၃၂)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အခမ်းအနားကျင်းပခြင်း မှတ်တမ်းဓာတ်ပုံများ




ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်း က ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံး(အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သော ဘောလုံးအသင်း၏ ကိုယ်စား အဖွဲ့ခေါင်းဆောင်အား ဆုချီးမြှင့်စဉ်

## (၃၂)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အခမ်းအနားကျင်းပခြင်း
## မှတ်တမ်းဓာတ်ပုံများ




စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့သော ဂုဏ်ပြုစစ်ရေးပြတပ်ခွဲကိုယ်စား အလံအဖွဲ့မှူးအား ဆုချီးမြှင့်စဉ်




အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ က ဂုဏ်ပြုမှတ်တမ်းတင်ဆု ရရှိသူများ၏ ကိုယ်စား ဝန်ထမ်းတစ်ဦးအား ဆုချီးမြှင့်စဉ်

## (၃၂)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အခမ်းအနားကျင်းပခြင်း မှတ်တမ်းဓာတ်ပုံများ



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်အဖွဲ့ မှ အကောက်ခွန်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုစဉ်




ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်အဖွဲ့ မှ အကောက်ခွန်ဦးစီးဌာနပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်